| မြန်မာနိုင်ငံဆေးကောင်စီဥပဒေ နှင့်စပ်လျဉ်းသည့် ပြဌာန်းချက်များ | | | | |
|---|---|---|---|---|
| **<u>မြန်မာနိုင်ငံဆေးကောင်စီဥပဒေ</u>** | | | | |
| စဉ် | ပုဒ်မ | ပြဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
| ၁ | ၂၈ | ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်–<br>(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်း ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် အခြေခံ ဆေးပညာဘွဲ့ ရရှိသူ၊<br>(ခ) ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုက ဖြစ်စေ အပ်နှင်းသည့် အခြေခံဆေးပညာဘွဲ့ရရှိသူ၊<br>(ဂ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ အခြေခံဆေးပညာဘွဲ့ရရှိပြီး ကောင်စီက ကျင်းပပြုလုပ်သော ဆေးကုသခွင့်လိုင်စင် စာမေးပွဲကို အောင်မြင်ပြီးသူ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၂ | ၃၀ (က) | (က) ကောင်စီသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်–<br>(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊<br>(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထား သော ပြစ်မှုဖြစ်ခြင်း၊<br>(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေး တွေ့ရှိခြင်း။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၃ | ၃၁ | ပြည်တွင်းပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်ဆေးပညာဘွဲ့ရရှိသူသည် ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင် သည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| | | | | |
|---|---|---|---|---|
| ၄ | ၃၃ (က) | (က) နိုင်ငံသားမှတ်ပုံတင်ဆရာဝန်သည် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၅ | ၃၅ | အခြေခံဆေးပညာဘွဲ့နှင့် အလားတူဆေးပညာဘွဲ့ရ နိုင်ငံခြားသားဆရာဝန်သည် သီးခြား သတ်မှတ်အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ | နိုင်ငံသားကဲ့သို့ အခွင့်အရေး | နည်းလမ်း ၃ နှင့် ၄ |
| ၆ | ၃၆ | အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ်အထွေထွေဆေးကုသခွင့်လိုင်စင် ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ | နိုင်ငံသားကဲ့သို့ အခွင့်အရေး | နည်းလမ်း ၃ နှင့် ၄ |
| ၇ | ၃၇ | အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိထားသည့် မှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့် အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၈ | ၃၉ | နိုင်ငံခြားသားအထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက သီးခြား သတ်မှတ်အထူး ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီကောင်စီသို့ လျှောက်ထားရမည်။ | နိုင်ငံသားကဲ့သို့ အခွင့်အရေး | နည်းလမ်း ၃ နှင့် ၄ |
| ၉ | ၄၀ | အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် သီးခြား သတ်မှတ်အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ | နိုင်ငံသားကဲ့သို့ အခွင့်အရေး | နည်းလမ်း ၃ နှင့် ၄ |

| | | | | |
|---|---|---|---|---|
| ၁၀ | ၄၅ | အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်းပြုနိုင်သည်–<br>(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊<br>(ခ) စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်မှုမရှိခြင်းကြောင့် ဆရာဝန်တစ်ဦး၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊<br>(ဂ) ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေ့ါလျော့စွာ ဆောင်ရွက်ခြင်း၊<br>(ဃ) ဆရာဝန်တစ်ဦး၏ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊<br>(င) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊<br>(စ) ကောင်စီက သတ်မှတ်သောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့် လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊<br>(ဆ) ကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ ဖော်ပြခြင်း။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၁ | ၄၆ (က) (ခ) | မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များသည်–<br>(က) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ ကို လိုက်နာရမည်။<br>(ခ) ကောင်စီက သတ်မှတ်သည့် ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်း ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၂ | ၅၄ | မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၃ | ၅၅ | ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှအနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှ အပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်းမပြုရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| | | | | |
|---|---|---|---|---|
| ၁၄ | ၅၆ | ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ–<br>(က) ကောင်စီက ထုတ်ပေးသည့် လိုင်စင်ပါ ခွင့်ပြုသည့်ဆေးကုသခြင်း အမျိုးအစားမှအပ အခြားဆေး ကုသခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။<br>(ခ) ကောင်စီကထုတ်ပေးသည့် လိုင်စင်ပါကန့်သတ်ချက်များကို ကျူးလွန်ဖောက်ဖျက် ဆောင်ရွက်ခြင်း မပြုရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၅ | ၅၇ | ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏အမည်နှင့်ယှဉ်တွဲ၍ ဖော်ပြခြင်းမပြုရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၆ | ၅၈ | မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ် လည်းချမှတ်နိုင်သည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၇ | ၅၉ | မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူး လွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအောက်မလျော့သောငွေဒဏ် ချမှတ် ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၈ | ၆၀ | ဆေးကုသခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ် စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၉ | ၆၁ | ဆေးကုသခွင့် လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၂၀ | ၆၂ | ဆေးကုသခွင့်လိုင်စင်ရသူ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်<br>အမိန့်ကြော်ငြာစာအမှတ် ၁၅ /၂၀၁၇ နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ | | | | |
|---|---|---|---|---|
| (ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ<br>(၉)- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည့် လုပ်ငန်းများ | | | | |
| စဉ် | အမှတ် | ပြဋ္ဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
| ၁ | ၁ | ပုဂ္ဂလိကဆေးရုံလုပ်ငန်း | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |
| ၂ | ၂ | ပုဂ္ဂလိက အထွေထွေကျန်းမာ ရေးလုပ်ငန်း | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |
| ၃ | ၃ | ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေး လုပ်ငန်း | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |